
စိတ်ကူးချိုချိုအနုပညာ

# စိတ်ကူး

မောင်သာချို



mgyoe.com



# စိတ်ကူး

မောင်သာချို

mgyoe.com

mtc0011
2,200.00 KS

mgyoe.com

mgyoe.com

စိတ်ကူး၊ မောင်သာချို
မျက်နှာဖုံးပန်းချီ - ဖေသစ်တည်၊ အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၁၆၃+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# စိတ်ကူး

## မောင်သာချို

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– စိတ်ကူးစကား ၁

၁။ သူရဲကောင်းစိတ်ကူး ၄

၂။ အဓိပ္ပာယ် စိတ်ကူး ၁၀

၃။ ကိုယ်ကျင့်တရား စိတ်ကူး ၁၆

၄။ မြို့လား စိတ်ကူး ၂၂

၅။ အပေးအယူ စိတ်ကူး ၂၈

၆။ အဖေ့အတွက် စိတ်ကူး ၃၄

၇။ အိပ်စက်နားနေခြင်း စိတ်ကူး ၄၀

၈။ ဖူးစာရှင် စိတ်ကူး ၄၆

၉။ တိရစ္ဆာန် စိတ်ကူး ၅၂

၁၀။ မျက်ရည် စက်လက်စိတ်ကူး ၅၈

၁၁။ သေခြင်းတရား စိတ်ကူး ၆၄

၁၂။ ဘုစုခရု စိတ်ကူး ၇၀

၁၃။ ဘုရင်နဲ့ ဘုရင်မ စိတ်ကူး ၇၆

၁၄။ အသက်ရှုဖြောင့်ဖြောင့် စိတ်ကူး ၈၂

၁၅။ ပြောင်းလဲခြင်း စိတ်ကူး ၈၈

၁၆။ ရှာရိုးကိုးပေါက် စိတ်ကူး ၉၄

၁၇။ ဟင့်အင်းစိတ်ကူး ၁၀၀


mgyoe.com

mgyoe.com


၁၈။ အလင်းအမှောင် အဆင်းအရောင်စိတ်ကူး ၁၀၆

၁၉။ ဖိုးရွှေလမင်းစိတ်ကူး ၁၁၂

၂၀။ ရေကန်အသင့်ကြာအသင့် စိတ်ကူး ၁၁၈

၂၁။ အမေ့နို့ချို စိတ်ကူး ၁၂၄

၂၂။ မကုန်နိုင် မခန်းနိုင်စိတ်ကူး ၁၃၀

၂၃။ အမြတ်တနိုး စိတ်ကူး ၁၃၆

၂၄။ ကစားစရာ စိတ်ကူး ၁၄၂

၂၅။ ကမ္ဘာသူ ကမ္ဘာသား စိတ်ကူး ၁၄၈

၂၆။ ကိုယ့်ကိုယ်ကိုယ် ပြန်ချစ်တဲ့ စိတ်ကူး ၁၅၄

၂၇။ အနွေးအမြန်စိတ်ကူး ၁၆၀


❑

mgyoe.com

mgyoe.com

## စိတ်ကူး စကား

အိုင်ဒီယာ (Idea) မဂ္ဂဇင်းက စိတ်ထဲ၌ ရှိတာကလေးများကို ရေးပေးဖို့ တောင်းဆိုသည့်အခါ တောင်ရေးမြောက်ရေး ကျွန်တော် လျှောက်ရေးမိပါသည်။ အိုင်ဒီယာ (Idea) ဟု ဆိုသဖြင့် "စိတ်ကူး" ဟူသည့် စကားလုံးကလေးစိတ်ထဲသို့ ဝင်လာကာ စိတ်ကူးနှင့် အခြားသော အရာများ တွဲစပ်လျက် တိုနံ့နံ့စာကလေးများ ရေးဖြစ်ပါသည်။

လေးနက်သော စာဖတ်သူများက ပေါ့ပါးသည့် စိတ်ကူးများကို ခွင့်လွှတ်စေလိုပါသည်။ မှတ်ဉာဏ်ပေါ့ဆမှုကြောင့် ထပ်သွားသည့် စိတ်ကူးတချို့ကို ဖယ်ပစ်လိုက်ကာ ဤ စာအုပ်ငယ်ကလေးကို စီစဉ်တင်ဆက်ခြင်း ဖြစ်ပါသည်။

ကျွန်တော့်စာတိုနံ့နံ့ကလေးများကို ဖတ်၍ တောင်ရောက် မြောက်ရောက် စိတ်ကူးနိုင်ကြပါစေကုန်။

မောင်သာချို

ရန်ကုန်မြို့။

❑

mgyoe.com

mgyoe.com


mgyoe.com

mgyoe.com




mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



# သူငယ်ချင်းစိတ်ကူး

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## သူရဲကောင်း စိတ်ကူး

### (တစ်)

အရပ်ထဲက လေနဲ့မေးမယ်ဆိုရင်တော့ မင်း ဘာဖြစ်ချင်သလဲပေါ့။ စာသံပေသံလေး နည်းနည်းပါအောင် လုပ်ပြီး မေးရင်တော့ မင်း အိပ်မက်က ဘာလဲပေါ့။ ပညာတတ် လေကလေး မတောက်တခေါက် စွက်ပြီး မေးကြလေတဲ့အခါမှာတော့ မင်းရဲ့ ခရေဇီ (Crazy) က ဘာလဲပေါ့။

ဒါဟာ လူငယ်တိုင်းနဲ့ ပတ်သက်တဲ့ မေးခွန်းပါ။ ပတ်လည်း ပတ်သက်သင့်တဲ့ မေးခွန်းပါ။ ဒီလိုမေးခွန်းမျိုးကို တခြား လူတစ်ယောက်က ကိုယ့်ကို လာမေးတာမျိုး ဖြစ်နိုင်သလို၊ ကိုယ့်ကိုယ်ကိုယ် ပြန်မေးတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ သူများက မေးမေး၊ ကိုယ့်ဘာသာကိုယ် ပြန်မေးမေး၊ ဒီမေးခွန်းမျိုးနဲ့ မဆုံဘူး၊ မကြုံဘူးတဲ့သူဟာ အနာဂတ် မပြည့်ဖြိုးနိုင်ပါဘူး။

အခု စာဖတ်နေတဲ့ သူကရော သည်မေးခွန်းမျိုးနဲ့ ဆုံဖူးကြုံဖူးပါလေစ။

### (နှစ်)

ဘာဖြစ်ချင်သလဲဆိုတဲ့ မေးခွန်းနဲ့ ဆက်စပ်တဲ့စကားလုံးတွေ အများကြီး ရှိပါတယ်။ Hero တဲ့ Self image တဲ့။ Model တဲ့။ Role Model တဲ့။ Ideal Character တဲ့။

ဘယ်လိုပဲ စကားလုံးအသုံးအနှုန်းပရိယာယ်တွေ ထွေပြားထွေပြား အနှစ်ချုပ်ကတော့ ဘာဖြစ်ချင်သလဲ ဆိုတာပါပဲ။

mgyoe.com

mgyoe.com

လူဟာ တစ်ယောက်ယောက် ဖြစ်ချင်ဖို့ လိုအပ်ပါတယ်။ တစ်ယောက်ယောက်လို့ ဆိုတာကြောင့် ဘယ်လိုနယ်ပယ်မျိုးကမဆို ဖြစ်နိုင်ပါတယ်။ မာသာထရီဇာ (Mother Teresa) လို ပရဟိတသမား၊ သခင်အောင်ဆန်းလို နိုင်ငံရေးသမား၊ အဲလ်ဘတ်အိုင်စတိုင်း (Albert Einstein) လို သိပ္ပံပညာရှင်၊ သခင်ကိုယ်တော်မှိုင်းလို ကဗျာဆရာ၊ ဗန်းမော်တင်အောင်လို စာရေးဆရာ၊ မြို့မငြိမ်းလို ဂီတပညာရှင်၊ ဗင်းဆင့်ဗန်ဂိုး (Vincent Vangogh) လို ပန်းချီဆရာ၊ ဘီလ်ဂိတ် (Bill Gates) လို ကွန်ပျူတာသူဌေး၊ ချာလီချက်ပလင် (Charlie Chaplin) လို ရုပ်ရှင်သရုပ်ဆောင်။

အခုလို လျှောက်ပြောနေတဲ့အတွက် နာမည်ကျော်မှ နာမည်ကြီးမှ အားကျရမယ့် ပုဂ္ဂိုလ်လားလို့ မေးစရာရှိပါတယ်။ မဟုတ်ပါဘူး။ သာမန်အညတရတွေထဲမှာလည်း ဖြစ်ချင်စရာတွေက အများကြီးပေါ့။ တချို့က ကိုယ့်အဖေကို အားကျ၊ ကိုယ့်ဆရာကို အားကျ၊ ကိုယ့် သူငယ်ချင်းကို အားကျ၊ ကိုယ့် ဆရာတော်ဘုရားကို အားကျ၊ ကိုယ့်အရာရှိကို အားကျ။

တစ်ယောက်ယောက်ကို အားကျတယ်ဆိုတာဟာ လူငယ်တစ်ယောက်အဖို့ ဘယ်ကို သွားမလဲဆိုတာကို လမ်းပြလိုက်တဲ့ ပန်းတိုင်ပါပဲ။ ဘယ်သူ့ကိုမှ အားမကျဘူးဆိုတဲ့ သူဟာ ဘယ်ကိုမှ မရောက်မယ့် လူငယ်ပေါ့။ သူဟာ ဘယ်ကို လျှောက်ရမယ်မှန်း မသိတာမို့ ကြုံရာကျရာ လျှောက်သွားနေတဲ့အခါ ကြုံရာကျရာကိုပဲ ရောက်ရှိသွားစမြဲပေါ့။

လူဟာ ငါဖြစ်ချင်တာ ဘာလဲ ဆိုတဲ့ စိတ်ကို ကူးရပါတယ်။

## (သုံး)

ဘာဖြစ်ချင်သလဲဆိုတဲ့ စိတ်ဟာ ငယ်ငယ်တုန်းက စိတ်ကူးယဉ်ဆန်နေတတ်ပြီး ကြီးလာတော့ လက်တွေ့ကျ လာတတ်ပါတယ်။

မကောင်းသူပယ် ကောင်းသူကယ်တဲ့ စူပါမင်း (Super man) လို၊ ပင့်ကူလူသား (Spider man) လို လူတွေ ဖြစ်ချင်တဲ့စိတ်ဟာ စိတ်ကူးယဉ်အိပ်မက်ပေါ့။ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ချင်တယ်၊ သခင်ကိုယ်တော်မှိုင်းဖြစ်ချင်တယ် ဆိုတာမျိုးကကျတော့ လက်တွေ့အိပ်မက်ပေါ့။

အရေးကြီးတာက အလင်းနဲ့ အမှောင်ပါ။ အမှောင်ထဲက လူတွေကို

mgyoe.com

mgyoe.com

သွားပြီး စိတ်မကူးမိဖို့ပါ။ ဒဿဂီရိ ဖြစ်ချင်တယ်။ ဒေဝဒတ် ဖြစ်ချင်တယ်၊ ဟစ်တလာဖြစ်ချင်တယ် ဆိုတာမျိုး ဖြစ်မသွားဖို့ပါ။

ငါ ဘာဖြစ်ချင်တာလဲ စိတ်ကူးကြတဲ့အခါ ဖြစ်သင့်ဖြစ်ထိုက်တာကို စိတ်ကူးတာနဲ့ ဖြစ်နိုင်ခြေကို စိတ်ကူးတာလို့ နှစ်မျိုးရှိပါတယ်။ ဖြစ်သင့်ဖြစ်ထိုက်တာမျိုး စိတ်ကူးတာကို preferable future လို့ ခေါ်ပါတယ်။ ငယ်ငယ်ကတည်းက စာအုပ် စာပေနဲ့ နီးစပ်၊ ဖတ်မှတ် လေ့လာမှု အားကောင်းတဲ့သူက စာပေနဲ့ အသက် မွေးဝမ်းကျောင်းပြုဖို့ စိတ်ကူးတာမျိုးပါ။ ဖြစ်နိုင်ခြေကို စိတ်ကူးတာမျိုးပါ။ ဖြစ်နိုင်ခြေကို စိတ်ကူးတာမျိုးကို ကျတော့ possible future လို့ ခေါ်ပါတယ်။ ဆေးတက္ကသိုလ်ဝင်ခွင့်ရတဲ့ သူက အထူးကုဆရာဝန်ကြီးတစ်ယောက် ဖြစ်လာဖို့ စိတ်ကူးတာမျိုးပါပဲ။

လူဟာ ကိုယ့်အိပ်မက်၊ ကိုယ့်စိတ်ကူးကို အစားထိုးတတ်ရပါတယ်။ ဥပမာကိုယ်က သီချင်းဆိုဖို့ ဝါသနာပါတယ်။ အသံက မကောင်းဘူး။ ဒါဆို အောင်မြင်တဲ့ သီချင်းရေးသူ၊ တူရိယာပစ္စည်း တီးခတ်သူ လုပ်လို့ မရနိုင်ဘူးလား။ ရုပ်ရှင်လောကကို စိတ်ဝင်စားတယ် ဆိုပါတော့။ ရုပ်ရည်က သရုပ်ဆောင်တစ်ယောက် ဖြစ်လောက်အောင် မရှိဘူးဆိုပါတော့။ ဒါရိုက်တာဖြစ်အောင်၊ ဇာတ်ညွှန်းဆရာဖြစ်အောင် လုပ်လို့ မရနိုင်ဘူးလား။ လူဟာ တစ်ခုခုကို တိုက်ရိုက် စိတ်ကူးခွင့်မရတာတောင်မှ သွယ်ဝိုက်ပြီးတော့ အဲ့သည့်နယ်ပယ်ကို စိတ်ကူးလို့ရတာမျိုးပါ။

## (လေး)

အခု စာဖတ်သူ ဘာဖြစ်ချင်သလဲလို့ မေးတာမျိုးနဲ့ ကြုံဖူးခဲ့ပြီလား။ ဒါမှမဟုတ် ကိုယ့်ဘာသာကိုယ်ရော ပြန်မေးကြည့်ဖူးခဲ့ပြီးပြီလား။ အဖြေ ရှိပါလေစ။ ဘာဖြစ်ချင်မှန်း မသိဘူးလား။ ဘာမှ မဖြစ်ချင်ဘူးလား။ အဲ့ဒါဆို စိတ်ချလိုက်တော့။ ဘယ်သူ့ကိုမှ အားကျတဲ့ စိတ်ကူးမရှိတဲ့ သူဟာ ဘာမှ ဖြစ်လာစရာအကြောင်း မရှိဘူးဆိုတာပါပဲ။

**Dec 2014**

❑


mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



# အဓိပ္ပာယ်စိတ်ကူး

~

mgyoe.com

mgyoe.com

# အဓိပ္ပာယ်စိတ်ကူး

## (တစ်)

ငါ့ဘဝက ဘာမှ အဓိပ္ပာယ်မရှိဘူး။ မင်းဘဝက အဓိပ္ပာယ်ရှိတယ်။ မင်းပြောတဲ့ အဓိပ္ပာယ်ကို ငါ နားမလည်ဘူး။ အဓိပ္ပာယ်မရှိတာကို လာ မပြောနဲ့။ အဓိပ္ပာယ်မရှိတဲ့ အလုပ်ကို မလုပ်စမ်းပါနဲ့။ အဓိပ္ပာယ်မရှိတဲ့ လူ။ အော်... နိစ္စဓူဝ လူမှုဆက်ဆံရေး ယန္တရားကြီးထဲမှာ အခါခါ အလီလီ ကြားနေခဲ့ကြရတဲ့ စကားသံများ။ အဓိပ္ပာယ်တဲ့။ ဆောင်းအိပ်မက်သဖွယ် ဝိုးတဝါးနိုင်လွန်းလှပါဘိ။

လူ့ဘဝအဓိပ္ပာယ်နဲ့ ပတ်သက်လို့ ကိုယ်ရပ်တည်ရာ ရှုထောင့်ကနေ... ကိုယ့်အတွေး၊ ကိုယ့်အမြင် ကိုယ့်အထင်တို့ကို ဖွင့်ဆိုကြပုံတွေကတော့ အမျိုးမျိုး အထွေထွေပါပဲ။ ဘဝ ဆိုတာ ပေးဆပ်ခြင်းတဲ့။ ဘဝဆိုတာ ရယူခြင်းတဲ့။ ဘဝ ဆိုတာ တိုက်ပွဲတဲ့။ ဘဝဆိုတာ ရှင်သန်ခြင်းတဲ့။ ဘဝ ဆိုတာ ဒုက္ခဆင်းရဲတဲ့။ ဘဝ ဆိုတာရသတဏှာတဲ့။ ဘယ်အဓိပ္ပာယ် ဖွင့် ဆိုချက်က အမှန်နဲ့ အနီးစပ်ဆုံးလည်း မသိ။ ဘဝ ဆိုတာ အဓိပ္ပာယ်ရှိ၊ မရှိနဲ့ ပတ်သက်လို့ နိုင်ငံကျော် စာရေးဆရာကြီးနှစ်ယောက်ကို မေးကြည့်ခဲ့ ဖူးပါတယ်။ သူတို့ဖြေပုံက–

တကယ်ကတော့... ဘဝဆိုတာ ဘာမှ အဓိပ္ပာယ်ရှိလှတာ မဟုတ် ဘူးဗျတဲ့။ ကိုယ့်ဘာသာကိုယ် ကြံဖန်ပြီး အဓိပ္ပာယ်ရှိအောင် လုပ်နေကြရတာ

mgyoe.com

mgyoe.com

တဲ့။ ကဗျာဆရာဒေါင်းနွယ်ဆွေက "နောက်ဆုံး ရထား" ဆိုတဲ့ ကဗျာထဲမှာ ရေးခဲ့သလိုပေါ့။

အလှကို ရှာ
ဘယ်မှာ မတွေ့။
တစ်နေ့မှ အချိန်တန်တော့
ဆူညံညံ ငိုသံကြားရတယ်
ရထား ရွေ့ရွေ့။
ဆိုတာမျိုး နေမှာပေါ့။

ကမ္ဘာကျော် စာရေးဆရာကြီး အန်းနက်စ် ဟဲမင်းဝေး (Ernest Hemingway) က ပင်လယ်ပြာနဲ့ တံငါအို (The old man and the sea) ဝတ္ထုထဲမှာ ရေးခဲ့သလိုပေါ့။ ပင်လယ်ပြင်မှာ ဧရာမငါးကြီးကို ဖမ်းမိတဲ့ စန်တီယာကို ဆိုတဲ့ အဘိုး အို... ငါး နဲ့ လူတိုက်ပွဲဝင်ကြရင်းက ကမ်းခြေ ရှိရာဆီလည်း ပြန်ရောက်ရော ငါးက အရိုးပဲ ကျန်တော့တဲ့ အဖြစ်မျိုးပါ။ နိဂုံးချုပ်လိုက်တော့လည်း ဘာမှ မဟုတ်ပါဘူးကွာ ဆိုတဲ့ ကောက်ချက်မျိုး နဲ့ပေါ့။

ဒါပေမဲ့ လူဟာ သူ ဖြစ်တည်ရှင်သန်ခွင့်ရတဲ့ နှစ်ပေါင်း ငါးဆယ် တစ်ရာ အတောအတွင်းမှာ သူကိုယ်သူအဓိပ္ပာယ်ရှိအောင်နေတဲ့သတ္တဝါ အမျိုးအစားပါ။ ကိုယ့်ကိုယ်ကိုယ် အဓိပ္ပာယ်ရှိအောင် လုပ်တဲ့ နည်းလမ်း တွေကလည်း အမျိုးမျိုးအထွေထွေပဲပေါ့။

## (နှစ်)

အခုအခါ ကင်ဆာ ဝေဒနာနဲ့ ကွယ်လွန်သွားခဲ့ပြီး ဖြစ်တဲ့ ကင်ညာ နိုင်ငံသူ မာထိုင်း (Miss wangri Maathi) ၂၀၀၄ တုန်းက ငြိမ်းချမ်းရေး နိုဗယ်ဆု ရခဲ့သူမာထိုင်းဟာ အဓိပ္ပာယ်ရှိသလားလို့ မေးခဲ့ရင် ဘယ်လိုဖြေကြ မလဲ မသိ။ သူက သစ်ပင် သုံးသန်းကျော် စိုက်ပျိုးခဲ့တဲ့ ကင်ညာနိုင်ငံသူ အမျိုးသမီးကြီးပေါ့။ ကမ္ဘာကြီး အေးမြအောင်လို့တဲ့။ အဲဒါ အဓိပ္ပာယ်ရှိအောင် လုပ်သွားတာ မဟုတ်ဘူးလား။

ယူဂိုဆလားဗီယား နိုင်ငံသူ မာသာထရီဆာ (Mother Teresa)

mgyoe.com

ဆိုရင်လည်း ကမ္ဘာကျော် အမျိုးသမီးကြီး တစ်ယောက်။ နိုင်ငံပေါင်း (၇၁) နိုင်ငံ၊ ဒုက္ခသည် စခန်းပေါင်း (၃၅၀)၊ အိန္ဒိယနိုင်ငံတစ်ခုတည်းမှာကိုပဲ ဂေဟာပေါင်း (၁၄၆) ခု။ အနူတွေ၊ အငတ်တွေ၊ အကျိုးအပဲ့၊ အဆွံ့အအ တွေ။ မိဘမဲ့တွေ၊ မိဘစွန့်ပစ်တာခံရသူတွေ။ ကမ္ဘာပေါ်က ဘုမသိ ဘမသိ မျက်ရည်ကျနေသူအတွက် သူ့ဘဝကို ပေးဆပ်ခဲ့လေသတဲ့…၊ အဲဒါကရော သူ့ဘဝကို သူ အဓိပ္ပာယ်ရှိအောင် လုပ်နေတာ မဟုတ်ဘူးလား။

ကမ္ဘာကျော် ကွန်ပျူတာ လုပ်ငန်းရှင် သူဌေးကြီး ဘီလ်ဂိတ် (Bill Gates) ကမ္ဘာ့ အချမ်းသာဆုံးလူသားအဖြစ် ဆယ်နှစ်ကျော် စံချိန်တင်ခဲ့တဲ့ ဘီလ်ဂိတ်။ နံပါတ်တစ်ဘီလျံနာ ဘီလ်ဂိတ်။ သူက သူ့ရဲ့ ကြွယ်ပိုးကြွယ်ဝ ပိုက်ဆံတွေကို ဘာလုပ်သတဲ့လဲ။ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးတဲ့။ AIDS တိုက်ဖျက်ရေးတဲ့။ ဘီလျံနဲ့ ချီတဲ့ပိုက်ဆံတွေကို သူ ပိုင်ဆိုင်ထားပုံက အဓိပ္ပာယ်ရှိလိုက်တာ။

မြန်မာနိုင်ငံတော်အတွက် ပေးသွားတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အသက်၊ အိန္ဒိယနိုင်ငံအတွက် ပေးသွားတဲ့ မဟတ္တမဂန္ဒီရဲ့ အသက်၊ အဓိပ္ပာယ် မရှိဘူးလား။ လူဖြူ လူမည်း တန်းတူညီမျှရေးအတွက် ထောင်ထဲမှာ ဘဝကို ပေးဆပ်သွားခဲ့တဲ့ နယ်လ်ဆင် မင်ဒဲလားကရော အဓိပ္ပာယ် မရှိဘူးလား။

သည်လိုတွေ လျှောက်ပြောနေခဲ့တဲ့အတွက် ထင်ရှားကျော်ကြားနေသူတွေဖြစ်မှပဲ ဘဝက အဓိပ္ပာယ် ရှိမှာတဲ့လား။

မန္တလေးမြို့က သမီး ခုနစ်ယောက်ရဲ့ ဖခင် ဦးငွေ ဆိုတဲ့ ဆိုက်ကားဆရာကြီး၊ သစ်ပင် ၅၀၀ ကျော် စိုက်သွားခဲ့တာကို ဘယ်လိုပြောကြမလဲ။ နာရေး ကူညီမှုအသင်းမှာ အလောင်း ထမ်းနေတဲ့ လူငယ်၊ မိဘမဲ့ ကလေးတွေကို စာသင်ပေးနေတဲ့ စေတနာဆရာမ၊ ကလေး ဆေးရုံပေါ်က ဝေဒနာရှင်ကလေးတွေကို ပုံ ပြောပြနေတဲ့ ပရဟိတတက္ကသိုလ်ကျောင်းသား… အော် … အဓိပ္ပာယ် ရှိလိုက်ကြတာ။

## (သုံး)

လူဟာ အဓိပ္ပာယ်ရှိတဲ့ စိတ်ကူးကို ကူးရပါတယ်။ ပြီးရင်… အဲသည့်

mgyoe.com

mgyoe.com

စိတ်ကူးကို အကောင်အထည်ဖော်ရပါတယ်။ အဲသည့်အခါမှာ အဲသည့် လူအမိပ္ပာယ်ရှိသော လူဖြစ်ပြီပေါ့။

စာဖတ်သူ အခု ဘာတွေစိတ်ကူးနေပါသလဲ။ အဲဒါကို အခြေခံပြီး စာဖတ်သူ အဓိပ္ပာယ်ရှိတဲ့လူ ဖြစ်တယ်၊ မဖြစ်ဘူးဆိုတဲ့ အဖြေ ထွက်လာမှာလေ။


ကဲ... ကူးကြဦးစို့ရဲ့ စိတ်တွေ။

**2015 Jan**

❑

mgyoe.com

mgyoe.com



ဆိုပါကျင်းတောကူး
စိတ်ကူး

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ကိုယ်ကျင့်တရား စိတ်ကူး

### (တစ်)

ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး ကွယ်လွန်သူ စာရေးဆရာကြီး ဦးအောင်သင်း ပြောဖူးတဲ့ စကားတစ်ခွန်းကိုဖြင့် ငြိသွားဖူးပါတယ်။ ခက်ခက်ခဲခဲကြီး မဟုတ်ပါဘူး။ ပေါ့ပေါ့ပါးပါး လွယ်လွယ်ကူကူကလေးပါ။ ကိုယ်ကျင့်တာကွ... တဲ့၊ သူကျင့်တာ မဟုတ်ဘူး... တဲ့။ ကောင်းလိုက်တာ။ ကိုယ်က ကျင့်တာကြတာမို့ ကိုယ်ကျင့်။ အင်္ဂလိပ်ဘာသာမှာကတော့ အက်သစ် (Ethic) လို့ သုံးကြတာပါပဲ။

ဂျာမန် ဒဿနပညာရှင်ကြီး ကန့်၊ ပြည့်ပြည့်စုံစုံ ခေါ်ရင် အီမင်နျူရယ် ကန့် (Immanuel Kant) က လူဟာ အပြုအမူတစ်ခုခုကို ထပ်တလဲလဲ လုပ်ရင် အကျင့် ဖြစ်သွားတယ်လို့ ပြောဖူးပါတယ်။ အိပ်ရာဝင်၊ အိပ်ရာထ၊ လမ်းလျှောက်၊ တရားထိုင်၊ စာဖတ် ဆိုတာမျိုးတွေကို ထပ်တလဲလဲ အချိန်မှန် လုပ်လာတဲ့အခါ ကြာရင်အကျင့်ရယ်လို့ ဖြစ်သွားပါလေသတဲ့။ ဟိုကိစ္စတုန်းကလည်း လိမ်မိတယ်။ သည်ကိစ္စမှာကလည်း ပတ်တယ်။ ဟိုလူနဲ့တွေ့တော့လည်း ညာတယ်။ သည်လူနဲ့တွေ့တော့လည်း လှည့်စားတယ် ဆိုတာမျိုးကို ထပ်ခါထပ်ခါ အကြိမ်ကြိမ်လုပ်လာတဲ့အခါ အဲသည့်လူမှာ လိမ်လည် လှည့်ဖြားတတ်တဲ့ ကိုယ်ကျင့်တရားဟာ စွဲသွားတော့မှာ အသေအချာပေါ့။ ကန့် (Kant) က ဒါမျိုးကိုပဲ ပြောချင်တာနေမှာပါ။

mgyoe.com

mgyoe.com


အနောက်တိုင်း ဒဿနတစ်ခုမှာ လူတွေရဲ့ ကိုယ်ကျင့်တရားနဲ့ ပတ်သက်လို့ ပြောထားတဲ့ အဆိုအမိန့်တစ်ခုကို သတိရပါတယ်။ The Law of the transition from quantitative to qualitative တဲ့။ အရေအတွက်တွေကနေ အရည်အသွေးကို ပြောင်းသွားတဲ့ အခြေအနေတဲ့။ ဒါ ကန့် (Kant) ပြောတာနဲ့ ဘာခြားလို့လဲ။ အကြိမ်တစ်ရာလောက် လိမ်ပြီးတဲ့အခါ လိမ်ခြင်းမှာ ခိုင်မြဲသွားတယ်။ အကြိမ်တစ်ထောင်လောက် ရိုးသားပြီးတဲ့အခါ ရိုးခြင်းမှာ တည်တံ့သွားတယ်။ အကြိမ် တစ်သောင်းလောက် စွန့်လွှတ်ပြီးတဲ့အခါ စွန့်လွှတ်ခြင်းမှာ စွဲမြဲသွားတယ်။ အဲဒါတွေဟာ အရေအတွက်ကနေ အရည်အချင်းကို ပြောင်းသွားတာတွေပါပဲ။ ဒါကိုပဲ အကျင့်လို့ ခေါ်ကြတာပါ။

ယမိုက် အဖြေ ကျမ်းထဲမှာ လယ်တီပဏ္ဍိတ ဦးမောင်ကြီးက "ယခုမျက်မှောက် ဘဝဌ်များစွာ ဖြစ်လေ့ရှိသော သဘော" ဆိုပြီး အကျင့် စရိုက်ကို ဖွင့်ပါတယ်။ သည်မှာလည်း ထပ်တလဲလဲ ဆိုတဲ့ အဓိပ္ပာယ်က ပါနေတာပါပဲ။

(နှစ်)

အင်္ဂုလိမာလက ကြမ်းတယ်တဲ့။ အဲဒါ ဘီလူးဖြစ်ခဲ့ဖူးလို့တဲ့။ အရှင်သာရိ ပုတ္တရာ က အခုန်အလွှား ဝါသနာပါတယ်တဲ့။ အဲဒါ မျောက် ဖြစ်ခဲ့ဖူးလို့တဲ့။ ဒါတွေကကျတော့ လူရဲ့အကျင့်ကို ဘဝ အဆက်ဆက်နဲ့ပါ ပတ်သက်တယ်ဆိုပြီး ယုံကြည်မှုတွေပါ။

လူ့ပတ်ဝန်းကျင်မှာ အကျင့်ကို အမျိုးမျိုး သုံးနေကြပါတယ်။ အကျင့်ကောင်းတယ်။ အကျင့်မကောင်းဘူး။ အကျင့်ယုတ်တယ်။ အကျင့်သီလ စင်ကြယ်တယ်၊ အကျင့်သီလ ညစ်ညမ်းတယ်... စသည်... စသည်... စသည်။

ပန်းပုဆရာကြီး မိုက်ကယ် အိန်ဂျလို (Micheal Engelo) ဟာ တစ်ရက်မှာ ရောမ ပန်းပုကြီး ထုနေတဲ့အခါ ဘယ်သူမှ မမြင်နိုင်တဲ့ နောက်ကျောဘက်က အကျီကြယ်သီးရဲ့ နေရာကို အသေးစိတ် ထုနေခဲ့ပါသတဲ့လေ။ ဒါကို တွေ့တဲ့လူ တစ်ယောက်က ဘယ်သူမှ မမြင်နိုင်တဲ့ နေရာက ကြယ်သီး

mgyoe.com

mgyoe.com

ကလေးကို ဘာဖြစ်လို့ လက်စွမ်းပြ ထုဆစ်နေရတာလဲလို့ မေးလာတဲ့အခါ မိုက်ကယ် အိန်ဂျလိုက ဘယ်သူမှ မမြင်ပေမဲ့ သူ မြင်နေပါတယ်တဲ့။ ဘယ်သူမှ မသိပေမဲ့ သူ သိနေပါတယ်တဲ့။ ဒါကြောင့် သူ အသေအချာ ထုဆစ်နေပါတယ်တဲ့။

ဩော်... အင်္ဂုတ္တရနိကာယ်၊ အဓိပတေယျ သုတ် ထဲမှာ ပါတာလေး သတိရမိရဲ့။

မကောင်းမှုပြုသူ၏ ဆိတ်ကွယ်ရာအရပ် မည်သည် လောက၌ မရှိ။ မှန်သည်လည်း ဖြစ်စေ၊ မှားသည်လည်း ဖြစ်စေ၊ အကြင်အမှုကို သင်ပြု၏။ ထိုသင်ပြုသော အမှုကို သင်ကိုယ်တိုင်ကမူ သိ၏... တဲ့။

မိုက်ကယ် အိန်ဂျလို ဆိုလိုတာ အဲသည့် သဘောပါပဲ။

ဆရာ မြသန်းတင့် ဘာသာပြန်တဲ့ ရွှေပြည်တော် မျှော်တိုင်း ဝေးဝတ္ထုရှည်ကြီး တစ်နေရာမှာ အင်္ဂလိပ်မင်းသားအရှိကို အိန္ဒိယဒေသခံ တစ်ယောက်က လိုက်ပြီး လုပ်ကြံတဲ့အခါ မအောင်မြင်ဘဲနဲ့ လုပ်ကြံသူ လဲကျသွားပြီး မထနိုင်ဖြစ်နေခဲ့ပါတယ်။ အဲသည့်မှာ အရှိက ဓားနဲ့ထိုးသတ်ရင် ရပါလျက်နဲ့ မထိုးဘဲ စောင့်နေခဲ့ပါတယ်။ လုပ်ကြံသူက သူ့ကို ဘာကြောင့် မသတ်တာလဲလို့ မေးတော့ အင်္ဂလိပ်တွေဟာ နောက်ကျောကို ဘယ်တော့မှ ဓားနဲ့ မထိုးဘူးတဲ့။ အဲဒါအင်္ဂလိပ်တွေရဲ့ ပညာရေးပဲတဲ့။ ကောင်းလိုက်တာ။ လူတွေရဲ့ ကိုယ်ကျင့်တရားကို ပညာနဲ့ တည်ဆောက်နိုင်တဲ့ သဘောပေါ့။

ဒါကြောင့် အင်္ဂလိပ် ဒဿန ပညာရှင် ဘာထရန် ရပ်ဆဲလ်က လူငယ်တွေကို အသက် ၂၅ နှစ် မကျော်ခင်မှာ အကျင့် ကောင်းရအောင် လေ့ကျင့်ပေးထားသင့်တယ်လို့ ဆိုတာပါ။

အခုခေတ်ဟာ... နည်းပညာပေါက်ကွဲတဲ့ ခေတ်ပါ။ ဒါကြောင့် မကောင်းမှုကို လွယ်လွယ်လေး လုပ်လို့ ရလာပါတယ်။ ဆိုကြပါစို့။ လက်ကိုင်ဖုန်းကလေးနဲ့ကိုပဲ ညစ်ညမ်းဓာတ်ပုံ၊ ညစ်ညမ်း ရုပ်ရှင်ကြည့်လို့ ရလာပါတယ်။ ညစ်ညမ်းစကားပြောလို့ ရလာပါတယ်။ ခေတ်မီဆေးဝါးတွေနဲ့ လိင်စိတ်ကို ကြွအောင် နှိုးဆွလို့ ရလာတယ်။ တားဆေး အမျိုးမျိုးနဲ့ လိင်ကိစ္စ ကျူးလွန်လို့ ရလာတယ်။

ဒါကြောင့် ကိုယ်ကျင့်တရားဟာ ပိုပြီး အရေးကြီးလာပါတယ်။

mgyoe.com

mgyoe.com


ဆိုကရေးတီးစ်က ပြောပါတယ်။ လူ မည်ကာမတ္တ ဟာ မြတ်နိုး စရာ မဟုတ်ဘူးတဲ့။ လူကောင်းဖြစ်မှ မြတ်နိုးစရာ... တဲ့။ လူကောင်း ဖြစ်ချင်ရင်... အကျင့်ကောင်းရမှာပေါ့။


ကဲ... ဖြေပါဦး။ အခု စာဖတ်နေတဲ့သူက ဘယ်လို ကိုယ်ကျင့်တရား တွေနဲ့လည်း ဆိုတာ... ကိုယ့်ဘာသာကိုယ်မေးပြီး ကိုယ်တိုင်သာ ဖြေကြည့် လိုက်ပါတော့။

**Feb 2015**

❑


mgyoe.com

mgyoe.com




mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မြို့လား စိတ်ကူး

### (တစ်)

မြို့လားလို့ ဆိုလိုက်တဲ့အတွက် နည်းနည်းများ ထူးဆန်းနေမလား မပြောတတ်ပါဘူး။ ကြားနေကျ၊ ဖတ်နေကျ စကား က တောလားလို့ ဆိုတာကိုး။ ဟုတ်ပါတယ်။ တောလား... တဲ့။ တောကို သွားတဲ့အကြောင်း ရေးဖွဲ့ သီကုံးထားတာဟာ တောလားပဲပေါ့။ ရွှေစက်တော် ဘုရားဖူးသွားတဲ့ အကြောင်း ရေးထားတဲ့ကဗျာကို ရွှေစက်တော်သွား တောလားလို့ ဆိုတာကိုး။ ခမည်းတော် သုဒ္ဓေါဒနရှိရာ ကပိလဝတ်ကို ပြန်ကြွဖို့ ဂေါတမ မြတ်စွာ ဘုရားကို *ကာဠုဒါယီ အမတ်ကြီးက တင်လျှောက်တဲ့ တောတောင် ခရီးလမ်း ရှုမျှော်ခင်းအဖွဲ့ကဗျာဟာလည်း ရှင်ဥတ္တမကျော် တောလား ဆိုပြီး ထင်ရှားတာပဲ မဟုတ်လား။

ဟော... အခုကျတော့ မြို့လားတဲ့။ ဘယ်လိုစကားကြီးပါလိမ့်။

### (နှစ်)

အခု စာကို ဖတ်နေတဲ့ စာဖတ်သူဟာ မြို့ကြီး တစ်မြို့မြို့မှာ အထူး သဖြင့်... ရန်ကုန်လို မြို့တော်ကြီးမှာနေတဲ့သူလို့ ဆိုခဲ့ရင် စကားကလေး တစ်ခွန်းလောက်တော့ မေးချင်ပါတယ်။ မွေးကတည်းက ရန်ကုန်မှာ နေ တာလား၊ (ဒါမှမဟုတ်) တခြားမြို့ရွာဒေသတွေက ပြောင်းလာတာလား ဆိုတာကိုပါ။ အခုစာက ရန်ကုန်ကို တက်လာတယ်ဆိုတဲ့ သူတွေနဲ့ ပိုပြီး တော့ သက်ဆိုင်ပါတယ်။

---

* ကာဠုဒါယီမထေရ်

mgyoe.com

mgyoe.com

ယေဘုယျ ခြုံပြီးတော့ ပြောရရင် တိုးတက်ချင်တဲ့သူတွေဟာ မြို့ကို တက်လာကြတာပါပဲ။ အမေရိကန်နိုင်ငံက လူတွေ နယူးယောက်ကို တက်လာကြသလို၊ တောင်ကိုရီးယားက လူတွေ ဆိုးလ်ကို တက်လာကြသလို၊ ထိုင်းက လူတွေ ဘန်ကောက်ကို တက်လာကြသလို၊ ဂျပန်က လူတွေ တိုကျိုကို တက်လာကြသလို၊ ကမ္ဘောဒီးယားက လူတွေ ဖနွမ်းပင်ကို တက်လာကြသလို မြန်မာနိုင်ငံက လူတွေ ရန်ကုန်ကို တက်လာကြတာဟာ သိပ်တော့ မဆန်းပါဘူး။ တိုးတက်ချင်ကြတာကိုး။

စီးပွားရှာချင်လို့၊ ပညာရှာချင်လို့၊ စာရေးဆရာဖြစ်ချင်လို့၊ ရုပ်ရှင်သရုပ်ဆောင် ဖြစ်ချင်လို့၊ အဆိုတော် ဖြစ်ချင်လို့၊ ဘာသာစကားတစ်ခုခု သင်ချင်လို့၊ ဓာတ်ပုံပညာ သင်ချင်လို့ အများကြီးပေါ့။

သည်နေရာမှာ အက်ဆေးဆရာ E.B White ရဲ့ New York ဆိုတဲ့ အက်ဆေးလေးကို သတိရမိပါတယ်။ ဆရာ မြသန်းတင့်ဘာသာ ပြန်ခဲ့ဖူးတဲ့ အက်ဆေးကလေးပေါ့။

အက်ဆေးဆရာက ကမ္ဘာပေါ်မှာ နယူးယောက်မြို့ သုံးမြို့ ရှိပါသတဲ့။ ပထမ နယူးယောက် က နယူးယောက်မှာ မွေးလာကြတဲ့ ယောကျ်ားနဲ့ မိန်းမတို့ ဘာမှ ဆင်ခြင်မှု မရှိဘဲ ပေါင်းသင်းကာ လက်ခံထားလိုက်ကြတဲ့ နံပါတ်တစ် နယူးယောက်မြို့တဲ့။ ဒုတိယ နယူးယောက်က တခြား အရပ်တစ်ပါးကနေ အလုပ် လာလုပ်ကြပြီးတဲ့နောက် ပြန် ထွက်ခွာသွားကြသူတွေရဲ့ နံပါတ် နှစ် နယူးယောက်မြို့တဲ့။ တတိယ နယူးယောက်ကတော့ တစ်ခုခုကို ရှာဖွေဖို့ရာအတွက် တက်လာကြသူတွေရဲ့ နံပါတ် သုံး နယူးယောက်မြို့တဲ့။ အက်ဆေးဆရာ ကောက်ချက်ဆွဲလိုက်ပုံက နယူးယောက်မြို့ကြီး ရှင်သန်နေရတာဟာ တတိယနံပါတ် သုံး လူတွေကြောင့်ပါတဲ့။

သိပ်လှတာပဲ။ သိပ် ထိရောက်တာပဲ။ သိပ် လေးနက်တာပဲ။

စာဖတ်သူ ရောက်နေတဲ့ မြို့မှာ စာဖတ်သူက ဘာပါလိမ့်။ နံပါတ်တစ် အမျိုးအစားလား။ (ဒါမှမဟုတ်) နှစ် (သို့မဟုတ်) သုံး။

## (သုံး)

ရန်ကုန်မှာ မွေးလာ၊ ရန်ကုန်မှာ ကြီးပြင်း၊ သူလို ကိုယ်လို ပညာ

mgyoe.com

mgyoe.com
သင်၊ အိမ်ထောင်ပြု၊ ရှာဖွေ စားသောက်၊ ပြီးတော့ သေ၊ အဲသည့်လို နံပါတ်တစ် အမျိုးအစား လူတွေကြောင့် ရန်ကုန်ဟာ မရှင်သန်ပါဘူး။

ရန်ကုန်ကို ရောက်လာ၊ ဈေးရောင်းချင် ရောင်း၊ ဝန်ထမ်းလုပ်ချင် လုပ်၊ ကွန်ပျူတာ၊ ဘာသာစကား၊ ဓာတ်ပုံ ပညာ၊ အချုပ်အလုပ်၊ စက်ပြင်၊ ကားမောင်း တစ်ခုခု သင်ပြီးတဲ့နောက် ကိုယ့်ရပ်ကိုယ့်ရွာကို ပြန် သွားတဲ့ လူတွေကြောင့်လည်း ရန်ကုန် ဟာ မရှင်သန်ပါဘူး။

ရွှေဒေါင်းတောင် ကလောင်တစ်ချောင်းနဲ့ ပြည်ကောင်းအောင် လုပ်မယ်ဆိုပြီး တက်လာတဲ့ သခင်ကိုယ်တော်မှိုင်းကြောင့် ရန်ကုန်စာပေလောကဟာ ရှင်သန်သွားပါတယ်။ ဘဝတစ်ခုလုံးကို မြန်မာ့လွတ်လပ်ရေးအတွက်လို့ ဆိုကာ ပေးဆပ်ပြီး တက်လာတဲ့ ကိုအောင်ဆန်းကြောင့် ရန်ကုန်နိုင်ငံရေးဟာ ရှင်သန်သွားပါတယ်။ ဟသ်ာတကနေ တက်လာတဲ့ ကောလိပ်ဂျင်နေဝင်း၊ ကွမ်းခြံကုန်းကနေ တက်လာတဲ့ မင်းသုဝဏ်၊ ဖျာပုံကနေ တက်လာတဲ့ ဇော်ဂျီ၊ မြောင်းမြကနေ တက်လာတဲ့ မာမာအေး၊ ပြည်ကနေ တက်လာတဲ့ ခင်ဝမ်း၊ မော်လမြိုင်ကနေ တက်လာတဲ့ ထူးအိမ်သင်၊ ကျိုက်လတ်ကနေ တက်လာတဲ့ ဦးသုခ၊ ရန်ကုန်ဟာ ရုပ်ရှင်နဲ့ ရှင်သန်၊ ဂီတ နဲ့ ရှင်သန်၊ စာပေနဲ့ ရှင်သန်၊ ပန်းချီနဲ့ ရှင်သန်၊ နိုင်ငံရေး နဲ့ ရှင်သန်။

နံပါတ် (သုံး) လူတွေက လုပ်လိုက်ကြတာ။

## (လေး)

အခု စာဖတ်သူက ဘယ်မှာလဲ။ ရန်ကုန်မှာလား၊ မန္တလေးမှာလား၊ တောင်ကြီးမှာလား။

နယူးယောက်က လူ သုံးမျိုး ခွဲသလို ခွဲရရင် စာဖတ်သူက ဘယ်လို အမျိုးအစားပါလိမ့်။ တစ်လား၊ နှစ်လား၊ သုံးလား။


သုံး ဆိုရင် စာဖတ်သူရဲ့ မြို့ဟာ စာဖတ်သူကြောင့် နည်းနည်းလေး ပိုပြီး အသက်ဝင်သွားတာပေါ့။

ဩော်... မြို့ကို လားသူတွေနဲ့ မြို့တစ်မြို့ရဲ့ လားရာများ။

**Mar 2015**


□

mgyoe.com



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အပေးအယူ စိတ်ကူး

### (တစ်)

Give and Take ဆိုတဲ့ စကားကိုတော့ လူတိုင်းလိုလို ကြားဖူးကြမယ်လို့ ထင်ပါရဲ့။ စကားက နည်းနည်းတော့ ရင့်သလိုလိုပါပဲ။ အပေးအယူလို့ ဆိုတာကိုး။ လူမှုဆက်ဆံရေး နယ်ပယ်မှာ ပေးစရာရှိတာ ပေးပြီး ယူစရာရှိတာ ယူတဲ့အခါ သည်စကားကို ပြောတတ်ကြစမြဲ ဖြစ်ပါတယ်။ Give and Take တဲ့။ နည်းနည်းတော့ အရောင်းအဝယ်ဆန်တဲ့ စကားပါပဲ။ ပေးတာချည်းပဲ သက်သက်မဟုတ်၊ ယူတာချည်းပဲ သက်သက်မဟုတ်တဲ့ လူမှုဆက်ဆံရေး အနေအထားကိုး။ အဆိုးအကောင်းပြောဖို့ ခက်လှပါတယ်။

ဒါပေမဲ့ လူ့အသိုင်းအဝိုင်းမှာ ချိန်ခွင်ညှာ တစ်ဖက်စောင်းနင်းဖြစ်ကာ အပေးဘက်က များသူ တွေ၊ (ဒါမှမဟုတ်) အယူဘက်က များသူတွေလည်း ရှိတတ်ကြပါတယ်။ အယူဘက်က များတဲ့အခါ အတ္တများသူအဖြစ် လူ့အဖွဲ့အစည်းက နှာခေါင်းရှုံ့တတ်ကြပြီး အပေးဘက်က များတဲ့အခါ ပရများသူအဖြစ် လူ့အသိုင်းအဝိုင်းက ဦးညွှတ် အလေးပြုတတ်ကြပြန်ပါလေရော။

လူဟာ ယူမှာလား၊ ပေးမှာလား (ဒါမှမဟုတ်) အပေးနဲ့အယူ တန်အောင် လုပ်မှာလားဆိုတာက လူတစ်ယောက်ချင်းရဲ့ သဘောထားပါပဲ။

mgyoe.com

mgyoe.com

## (နှစ်)

လူငယ်မျိုးဆက် (Generation) တွေကို သရုပ်ဖော်တဲ့အခါ ဟိုးအရင်မျိုးဆက်ဟောင်းကို We Generation လို့ ဆိုတာမျိုးတွေ ရှိပါတယ်။ We ဆိုတော့ ပြုသူတွေပေါ့။ လုပ်သူတွေပေါ့။ ဆောင်ရွက်သူတွေပေါ့။ တစ်နည်းအားဖြင့် ပေးသူတွေ။ ကမ္ဘာကြီးအတွက် ပေးဆပ်တဲ့သူတွေ။

အခု မျိုးဆက်သစ်တွေကိုကျတော့ Me Generation တဲ့။ ငါတို့ကို လူ့အဖွဲ့အစည်းက ဘာ လုပ်ပေးမှာလဲ။ ကမ္ဘာကြီးက ဘာတွေ စီစဉ်ပေးမှာလဲ။ ငါတို့ ဘာတွေရမှာလဲလို့ မျှော်လင့်တဲ့သူတွေတဲ့။ အပြုခံ၊ အဆောင်ရွက်ခံ၊ ကံ မျိုးဆက်။ ကမ္ဘာကြီးဆီက ယူတဲ့သူတွေတဲ့။

အငြင်းပွားစရာတွေကဖြင့် အများကြီးပဲပေါ့။

## (သုံး)

အဲသည့် အငြင်းပွားစရာတွေကို ခဏထားပြီး ပေးသူသက်သက်တွေအကြောင်းကိုဖြင့် နည်းနည်းကလေး စဉ်းစားကြည့်ဖို့ ကောင်းပါတယ်။

ဥပမာ... မာသာ ထရီဆာ ဆိုကြပါစို့။ ယူဂိုဆလပ်နိုင်ငံက အယ်လ်ဘေးနီးယား အမျိုးသမီး။ ကိုးကွယ် ဆည်းကပ်တာက ရိုမန်ကက်သလစ်ဘာသာ။ ဒါပေမဲ့ အိန္ဒိယနိုင်ငံ ဒါဂျီလင်မြို့မှာ သီလရှင်ကျောင်းသွားတက်ရင်း ကာလကတ္တားမြို့က ဝေ်မွတ်နေသူတွေ၊ ကိုယ်ရေပြား ရောဂါသည်တွေ၊ ကိုယ်အင်္ဂါချို့တဲ့နေသူတွေ၊ မိဘမဲ့တွေ၊ အခြေအနေမဲ့တွေကို တွေ့တဲ့အခါမှာတော့ မာသာထရီဆာတစ်ယောက် သူ့ဘဝတစ်ခုလုံးကို အဲသည့်လို ကမ္ဘာပေါ်မှာ ဘုမသိ ဘမသိ မျက်ရည် ကျနေသူတွေအတွက် ပေးဆပ်ဖို့ စိတ်ဆုံးဖြတ်ခဲ့ပါတယ်။

၁၉၃၀ ဩဂုတ် ၂၇ မွေးတဲ့နေ့က စပြီး ၁၉၉၇ စက်တင်ဘာ ၆ သေဆုံးချိန်အထိ ၈၇ နှစ်တိုင်တိုင် ဘာကိုမှ မယူတော့ဘဲ ပေးခဲ့တဲ့ သူကြီးပေါ့။ နှစ်ပေါင်း ၅၀ ကျော်၊ နိုင်ငံပေါင်း ၁၀၀ ကျော်မှာ ဒုက္ခသည် စခန်းပေါင်း ၅၀၀ ကျော်တဲ့။ ပုပ်ရဟန်းမင်းကြီးက ဇိမ်ခံကား လက်ဆောင် ပေးတာကိုတောင် မစီးဘဲ ရောင်းလို့ရတဲ့ ငွေနဲ့ ဒုက္ခသည် စခန်းတွေကို ထောက်ပံ့ခဲ့တဲ့ မိန်းမ။ သူ့ကို ငြိမ်းချမ်းရေး နိုဘယ်ဆုပေးတဲ့ အခမ်းအနားအတွက်

mgyoe.com

mgyoe.com

သုံးမယ့် ပိုက်ဆံတွေကို အခမ်းအနား မလုပ်ဘဲ သူ့ကို ပေးဖို့ တောင်းခံသူ။ အဲသည် ပိုက်ဆံတွေနဲ့ ဒုက္ခသည်များ လိုအပ်ချက်ကို ဖြည့်ဆည်း သူ။ မယူ… မယူ… ဘာမှ မယူ။

အိန္ဒိယနိုင်ငံအတွက် သူ့အသက်ကို ပေးခဲ့သူ မဟတ္တမဂန္ဒီကရော ဘာတွေများ ယူခဲ့ပါသလဲ။ ဗီယက်နမ်အတွက် အသက်ကို ပေးခဲ့သူ ငုယင် ဗန်ထရွိုင်းကရော… ဘာတွေ ယူခဲ့ပါသလဲ။ နတ်မောက်သား သခင်အောင် ဆန်းကရော… ဘာတွေကို ယူခဲ့ပါလိမ့်။

ဟိုချီမင်း က ဗီယက်နမ် လွတ်မြောက်ရေးအတွက် ဘဝကို ပေး၊ ဆိုကရေးတီး က အမှန်တရားအတွက် အသက်ကို ပေး၊ နယ်လ်ဆင်မင်ဒဲလား က လူမည်းတွေ လွတ်မြောက်မှုအတွက် ဘဝကို ပေး၊ ဘီလ်ဂိတ် က ကမ္ဘာကြီးအတွက် သူ့ပိုက်ဆံတွေကို ပေး၊ လင်ကွန်း၊ ဂျော့ဝါရှင်တန်၊ ဂျူးလီယက်ဖူးချစ်၊ ဖလောရင့်စ် နိုက်တင်ဂေး။

ပေး… ပေးနိုင်တာ အကုန်ပေး။ ပေးလို့ရတာ အကုန်ပေး။

## (လေး)

ယူလွန်းတဲ့သူတွေကို ကမ္ဘာကြီးက ရှုတ်ချပါတယ်။ အပေးအယူမျှတဲ့သူကိုတော့ ကမ္ဘာကြီးက မဆိုးမကောင်း သဘောထားပါတယ်။ ပေးလွန်းတဲ့သူတွေကိုတော့ ကမ္ဘာကြီးက အလေးပြုပါတယ်။


ပေးမလား… ယူမလား ဆိုတာ လူတစ်ဦးချင်းရဲ့ စိတ္တ သတ္တိနဲ့ ဆိုင်တဲ့ ကိစ္စပါပဲ။

**Apr 2015**

❑


mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



ဒါမြဲ့အတွက်
စိတ်ကူး

~



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အဖေ့အတွက် စိတ်ကူး

### (တစ်)

လူတစ်ယောက် ဒုက္ခနဲ့ ကြုံတဲ့အခါ အဖေနဲ့အမေ မိဘနှစ်ပါးရှိတဲ့ အနက် ဘယ်သူ့ကို တ,မယ်လို့ ထင်သလဲ မပြောတတ်ဘူး။ ဒီက တစ်ဆင့် နည်းနည်းကလေး ထပ်တိုးပြီးတော့ မေးရရင် ဘယ်သူ့ကို ပိုပြီးတော့ တ,မလဲ ဆိုတာပေါ့။ ကျွန်တော့် စိတ်အထင်တော့ အမေ့ကိုပဲ တကြ၊ ပိုပြီး တော့လည်း တ, တတ် ကြလိမ့်မယ်ဆိုတာပါပဲ။

ဟုတ်တယ်... ကမ္ဘာပေါ်မှာ ရှိရှိသမျှသော လူသတ္တဝါတွေဟာ မိဘ မေတ္တာနဲ့ပတ်သက်လို့ အနုပညာဖန်တီးကြတဲ့အခါ ကဗျာ၊ ဝတ္ထု၊ ပြဇာတ်၊ အက်ဆေး၊ ဒါမှမဟုတ် ဂီတ၊ ရုပ်ရှင်၊ ပန်းချီ၊ ပန်းပု လက်ရာ အသီးသီးမှာ အဖေ့ထက် စာရင် အမေ့ကို ပိုလို့ နေရာပေးကြ၊ ရှေ့တန်းတင်ကြလေသလား ပါပဲ။

အမေနေ့တို့၊ မိခင်များနေ့တို့ ဟိုက သည်က ကျင်းပတာတွေ များ လာတဲ့အခါ ကာတွန်းဆရာ တစ်ယောက်က ကာတွန်း ဆွဲပါတယ်။ အဖေ ဖြစ်သူက နေပူကျဲကျဲကြီးရဲ့ အောက်မှာ ချွေးဒီးဒီးကျအောင် ဝန်ထုပ်ဝန်ပိုးကြီး တစ်ခုကို ထမ်းထားရင်းကနေ အမေများနေ့ အခမ်းအနားကို သွားဖို့ပြင်နေတဲ့ ဇနီးဖြစ်သူကို လှမ်းကြည့်နေတဲ့ ကာတွန်းအကွက်ကလေးပါ။ ဩော်... သားသမီးကို ဝမ်းနဲ့လွယ်ပြီး မွေး မပေးတာက လွဲလို့ အမေနဲ့မခြား၊ မေတ္တာ

mgyoe.com

mgyoe.com
အကြင်နာ ကြီးမားတတ်တဲ့ ဖခင်ကောင်းကြီးတွေအတွက်က စာနာဖို့ ကောင်းလှပါတယ်။

(နှစ်)

လူတွေမှာသာမက တိရစ္ဆာန်တို့ရဲ့ ကမ္ဘာမှာပါ ရင်သွေးကို အမေက စောင့်ရှောက်တတ်လေ့ရှိတာကြောင့် အမေ့ကို အဖေထက် ပိုပြီး မေတ္တာကြီးကြတာဟာ သဘောဝတော့ ကျပါတယ်။

ဒါပေမဲ့ လောကကြီးဟာ အကြွင်းမဲ့ မပြည့်စုံဖို့ရာ ခြွင်းချက်ဆိုတာမျိုးတွေကလည်း ရှိနေတတ်ပြန်ပါလေရော။

ရေနဂါး (Sea Horse) ဆိုတဲ့ သတ္တဝါကလေးတွေကို တွေ့ဖူးကြလေမလား မပြောတတ်ဘူး။ ခေါင်းက မြင်းလိုလို ဘာလိုလိုနဲ့ ခပ်ကွေးကွေး ကောက်ကောက် သတ္တဝါကလေးတွေလေ။ ရေနဂါးအမတွေက ဥတွေကို ညှစ်ချပြီးတာနဲ့ ထွက်သွားကြတာတဲ့။ အဲသည့်မှာ ရေနဂါး အထီးတွေက သူတို့ ဝမ်းဗိုက်မှာပါတဲ့ အိတ်ကလေးတွေထဲကို ဥကလေးတွေ ထည့်ပြီး နှစ်ပတ် သုံးပတ်နေကြရတယ် ဆိုလား။ နောက် အကောင်လေးတွေ ဖခင်ရဲ့ စုတ်ပြဲနေတဲ့ ဝမ်းဗိုက်အိတ်ကို ထားခဲ့ကာ စွန့်ခွာသွားကြတာတဲ့။

သည်လိုဆိုပြန်တော့ ဖခင်တွေက သနားစရာ ဖြစ်နေကြပြန်ပါလေရော။

(သုံး)

ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းဖြစ်ဖို့ရာမှာ အဖေရဲ့ သေချာမှုနဲ့ တိုင်းရတာတဲ့။ တိရစ္ဆာန်တွေမှာ အဖေ ဘယ်သူလဲ အရေးမကြီးဘူး ဆိုပါလား။ လူတွေလည်း အရိုင်းခေတ်တုန်းက အဖေ ဘယ်သူ ဘယ်ဝါ အရေးမကြီးဘူး။ ဆိုပါသတဲ့။ ဒါဆို အခု လူယဉ်ခေတ် အပျိုစင်တို့က သုက်ကောင်ဘဏ်များဆီကနေ သုက်ကို ရယူကာ ကလေးမွေးလို့ ရလာပြီ ဆိုတော့ အဖေမဲ့သား တို့ကို ဘယ်လိုလုပ်ကြရပ။

ကမ္ဘာကျော် Chicken Soup for the soul စာစုများထဲက ဆရာ
mgyoe.com

mgyoe.com

ဖေမြင့် ဘာသာပြန်ထားတဲ့ အဖေဆိုတဲ့ စာတိုကလေးကို သတိရဖို့ ကောင်းပါတယ်။

၄ နှစ်သားတုန်းက... ငါ့ အဖေ ဘာမဆို လုပ်တတ်
၅ နှစ်သားမှာ... ငါ့အဖေ မသိတာ မရှိ
၆ နှစ်.... ငါ့အဖေက မင့်အဖေထက် တတ်
၈ နှစ်.... အဖေက အကုန် မသိပါဘူး
၁၀ နှစ်... အဖေတို့နဲ့ သားတို့နဲ့ မတူဘူး
၁၂ နှစ်... အဖေတို့ လူကြီးတွေ ဘယ်သိမလဲ
၁၄ နှစ်.... အဖေက ရှေးရိုးသမား
၂၁ နှစ်... အဖေက အောက်သွားပါပြီ။
၂၅ နှစ်.... အဖေ လူကြီးဆိုတော့ သိတယ်။
၃၀ နှစ်... အဖေက အတွေ့အကြုံရှိတော့ မေးကြည့်မှ
၃၅ နှစ်... အဖေနဲ့ တိုင်ပင်ဦးမှ
၄၀ နှစ်... အဖေဆို ဒါကို ဘယ်လိုရှင်းမလဲ မသိဘူး
၅၀ နှစ်... အဖေရှိရင် ကောင်းမှာ... တိုင်ပင်ရအောင်

ကလေးတစ်ယောက် အဖေကို အကြွင်းမဲ့ အထင်ကြီးရာကနေ တစ်စ တစ်စ လျော့ပါးသွားခဲ့မိရာက လူ့ဘဝထဲမှာ တကယ် ဖြတ်သန်းရပြီ ဆိုတဲ့ အခါ အဖေ ဖြတ်သန်းကျော်လွှားခဲ့ရတဲ့ အတွေ့အကြုံတွေကို ပြန်ပြီး တသလာ၊ သတိရလာ၊ အားကိုးလာရပုံကို ဖော်ပြထားတဲ့ စာစုကလေးပါ။

အမေတွေက လရောင်လို မေတ္တာကို ပေးတဲ့အခါ အဖေတွေက နေရောင်လို အင်အားတွေကို ပေးတာပါ။


ခင်ဗျားမှာ အဖေ ရှိသေးပါစ။ ဒါမှမဟုတ် ဆုံးများ ဆုံးသွားခဲ့ပြီလား။ အမေနဲ့ တန်းတူရည်တူ မဟုတ်တောင်မှ အဖေ့ကိုတော့ မပစ်ပယ်လောက်ဘူး ထင်ပါတယ်။ အင်းလေ... ဒါက စာဖတ်သူရဲ့ စိတ်ကူးထဲက ကိစ္စပါ။


**May 2015**

❑

mgyoe.com


mgyoe.com





mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အိပ်စက်နားနေခြင်း စိတ်ကူး

### (တစ်)

လူဟာ အိပ်နေတာက ကဗျာဆန်သလား (ဒါမှမဟုတ်) နိုးနေတာက ကဗျာဆန်သလား။ အဲသည့်လို မေးရင် ဘယ်လိုများ ဖြေကြမယ် မပြောတတ်ဘူး။ အနုပညာသမား တော်တော်များများတို့ကတော့ အိပ်တာကို စာဖွဲ့လေ့ မရှိကြပါဘူး။ နိုးနေတာ တစ်နည်းပြောရရင် အိပ်လို့ မရနိုင်တာကိုပဲ ကဗျာတွေ စာတွေ၊ သီချင်းတွေ၊ ဂီတတွေနဲ့ သီကြကုံးကြ၊ ဖွဲ့ကြ စပ်ကြလေ့ ရှိတာပါ။

ကုန်းဘောင်ခေတ်က မင်းတုန်းမင်းရဲ့ ညီတော် ကနောင်မင်းသားရဲ့ မိဖုရား လှိုင်ထိပ်ခေါင်တင် ဆိုရင် စိန်ခြူးကြာညောင် အစချီတဲ့ နာမည်ကျော် ဘောလယ်ကို ရေးခဲ့တာ တော်တော်များများ အသိပါ။

“စိန်ခြူး ကြာညောင်... လရောင်တွေ လင်းပါလို့... မှန်ရွှေပြတင်းရယ်က... မယ်ခု မျှော်... သုံးချက် စည်တော်... ရိုက်ဆော်ညှင်းတယ်လေး... လင်းပြန်လုနော်” စတဲ့ စာသားတွေကို ကြည့်ရုံနဲ့ နန်းတွင်းသူကလေးဟာ အိပ်ပျော်နေတာလား၊ အိပ်လို့ မရနိုင်တာလား ဆိုတာ ထင်ထင်ရှားရှားကြီးပါ။

အဆိုတော် ကိုခင်ဝမ်းရဲ့ သီချင်းတွေထဲမှာ “အိပ်မရတဲ့ ည” ဆိုတာ နာမည်ကြီးပေါ့။ စန္ဒရား ဦးလှထွတ်ရဲ့ “အိပ်၍မပျော်သော ညများ” ဆိုတာဟာလည်း အထင်ကရ သီချင်းတစ်ပုဒ်ပေါ့။ ကဗျာဆရာမကြီး ကြည်အေး

mgyoe.com

mgyoe.com

ကတော့ သူ့ရဲ့ "တစ္ဆေ" ဆိုတဲ့ ကဗျာထဲမှာ "အိပ်လို့ မရ၊ ညကြီး မင်းကြီး၊ ထပြီး ထိုင်နေ၊ မွေ့ရာတွေလည်း၊ ကြေမွတွန့်လိပ်" လို့ ရေးဖွဲ့ထားခဲ့တာကို ကြည့်ရုံနဲ့... ဒါဟာ အိပ်လို့မရနိုင်တာကို ဖွဲ့တဲ့ ကဗျာပါလားဆိုတာကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး သိနေခဲ့ရပြီပဲ။

ဩော်... လူတွေမှာ အိပ်လို့ မရနိုင်တာတွေ ရှိတတ်ကြတယ်နော်။

## (နှစ်)

အိပ်လို့ မရနိုင်တဲ့သူတွေ အကြောင်း လျှောက် စဉ်းစားတော့ ပိုလန် နိုင်ငံက ဂျန်ဂါ ဇက်စကီး ဆိုတဲ့ မီးရထား အလုပ်သမားကလေး အကြောင်း သွားပြီး သတိရမိပါရဲ့။ သူက ၁၉၈၈ မှာ ကားတိုက်ခံရပြီးတဲ့နောက် Coma ရောဂါ ရရှိကာ မေ့မြောပြီး အိပ်ပျော်သွားခဲ့တာတဲ့။ ဘယ်လောက်များ အိပ် ပျော်နေခဲ့သလဲဆိုရင်... အနှစ် ၂၀ နီးပါးတဲ့။ သူက ၂၀၀၇ ခုနှစ် ဧပြီ ၁၂ မှာမှ ပြန်နိုးလာတာလို့ ဆိုတာကိုး။ သူ အိပ်ပျော်နေခဲ့စဉ်ကာလကြီးထဲမှာ ပိုလန်နိုင်ငံတစ်ဝန်းလုံး ကွန်မြူနစ် စနစ် ပြိုလဲသွားခဲ့တာကို သူ မသိလိုက်။ စစ်အေးကာလကြီး ပြီးဆုံးသွားတာကို သူ မသိလိုက်။ သူ နိုးတော့ ပိုလန် ဟာ လက်ဖက်ခြောက် နဲ့ ဗီနီကာ ပဲ ရတဲ့နိုင်ငံမဟုတ်တော့။ ပစ္စည်းတွေ ပစ္စည်းတွေ... ပေါလိုက်တာတဲ့။ သည်လို အိပ်ပျော် နေခဲ့ရပုံမျိုးကို အိပ်လို့ မရနိုင်တဲ့သူတွေ အားကျမိမယ် ထင်ပါရဲ့။

၃၂ နှစ်တိုင်တိုင် အိပ်လို့ မရခဲ့ပါဘူး ဆိုတဲ့ ဗီယက်နမ်အမျိုးသမီးကြီး ငုယင်သီတူ ကိုလည်း သတိရမိပါသေးတယ်။

သူက အသက် ၇၀။ ဗီယက်နမ်တောင်ပိုင်း ကာမာယူ ဒေသသူကြီး။ ပထမ ခင်ပွန်းဖြစ်သူလည်း ကွယ်လွန်ခဲ့၊ ၁၉၆၇ မှာလည်း ဓားပြ အတိုက်ခံ ရခဲ့။ အဲသည့် နောက်ပိုင်း အိပ် မရတာကြောင့် စိတ်ငြိမ်ဆေးတွေနဲ့ တိုင်း ရင်းဆေးတွေကို တစ်လှည့်စီ စားရင်း... မောလာရင် လဲလျောင်းနေတာက လွဲလို့ အိပ်ပျော်တယ်ရယ်လို့ မရှိ။ ၃၂ နှစ်တဲ့။

အကြွေး။ အအိပ်ကြွေး။ Sleep Debt။ အိပ်စက် နားနေဖို့ လိုအပ် တဲ့အချိန်မှာ မအိပ်ဘဲ နေတဲ့အတွက် ခန္ဓာကိုယ်ကြီးမှာ အအိပ်ကြွေး တင်နေ တယ်ကဲ။

mgyoe.com

mgyoe.com

မျက်လုံးကြီး မှိတ်ထားပါလျက် တကယ် အိပ်မပျော်တဲ့ အိပ်ခြင်းကို Rem Sleep တဲ့။ ကိုယ်ရောစိတ်ပါ တကယ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တာမျိုးကိုမှ Non Rem Sleep တဲ့။ နိုးနေတဲ့ အချိန်တွေအတွင်း လူ့ဦးနှောက်ထဲက ဂလိုင်ကိုဂျင်ဆိုတဲ့ ဓာတုပစ္စည်းတစ်မျိုး လောင်ကျွမ်းကုန်ခန်းသွားရတာကို အိပ်ချိန်မှာ ပြန်ပြီး ဖြည့်ဖွက်ရတာတဲ့။ ဒါ့ကြောင့် လူဟာ အိပ်ဖို့လိုတယ်တဲ့။ ထားဦး။ နောက်တစ်ခုက အိပ်တော့ရော ဘယ်အချိန် အိပ်မှာတဲ့လဲ။ တစ်ညလုံး မအိပ်ဘဲနေပြီး (ဒါမှမဟုတ်) ညဥ့် တော်တော် နက်မှ အိပ်ရာဝင်ပြီး နေ မွန်းတည့်တဲ့အထိ အိပ်နေမှာတဲ့လား။ ၂၄ နာရီမှာ တစ်ပတ်လည်နေတဲ့ ကမ္ဘာဂြိုဟ်ကြီးရဲ့ အလင်းအမှောင်ဟာ လူရဲ့ ဇီဝကမ္မဆိုင်ရာစက်ဝန်းနဲ့ ဆက်စပ်မှု ရှိတယ်တဲ့ ခင်ဗျ။ အလင်းရောင်အောက်မှာ အိပ်တာဟာ လူကို သိပ်ပြီး လေးလံထိုင်းမှိုင်းစေသတဲ့။ လူဟာ အမှောင်မှာပဲ အိပ်ရမှာတဲ့။

အိပ်မပျော်လို့ဆိုပြီး အိပ်ဆေးသောက်ရသူတွေ ရှိပါရဲ့။ ရေကို အေးနေအောင် ချိုးပြီး အိပ်ရင် အိပ်ပျော်တယ်လို့ဆိုသူလည်းရှိရဲ့။ စာဖတ်ရင်းအိပ်ပျော်သွားရော... ဆိုသူလည်း ရှိရဲ့။ တစ်၊ နှစ်၊ သုံး၊ လေးကို ဖြည်းဖြည်းချင်း ရေတွက်သွားရင် တစ်ချိန်မှာ အိပ်ပျော်သွားရော... ဆိုသူလည်း ရှိရဲ့။

တမာပင် အရိပ်ကောင်းကောင်း၊ လေဆိပ်ထဲက ခရီးသည်များ နားခိုရာ ထိုင်ခုံ၊ တစ်ခုခုကို စောင့်ဆိုင်းဖို့ ချထားတဲ့ ခုံတန်းလျား... ဘယ်နေရာမှာ ခေါင်းချချ၊ အိပ်ပျော်သွားကြသူတွေလည်း ရှိရဲ့။

စာဖတ်သူကရော။ ဘယ်လို အမျိုးအစားထဲမှာ ပါပါလိမ့်။ အိပ်သူလား (ဒါမှမဟုတ်) နိုးသူလား။ အိပ်တော့ရော... ဘယ်အချိန်မှာ ဘယ်လောက်ကြာကြာ... အိပ်တာပါလိမ့်။ နေ့လား ညလား ညဥ့်နက်ပိုင်းလား... လင်းအားကြီးလား။ အိပ်ပျော်ဖို့ ခက်၊ မခက်၊ လွယ်၊ မလွယ်။ အအိပ်ကြွေးရှိ၊ မရှိ၊ ဆပ် ပြီး၊ မပြီး။

သြော်... လူနဲ့ အိပ်စက် နားနေခြင်းများ။

**June 2015**

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



ဟူးတာရှင်စိတ်ကူး

mgyoe.com

mgyoe.com

## ဖူးစာရှင် စိတ်ကူး

### (တစ်)

မြန်မာနိုင်ငံထဲမှာ အောင်သွယ်တဲ့ လုပ်ငန်းနဲ့ ဝင်ငွေ အသင့်အတင့် ရတဲ့သူတွေ ရှိနေတယ်ဆိုရင် ယုံမှ ယုံကြပါ့မလား မသိဘူး။ ပုဂံ၊ ညောင်ဦး နဲ့ မလှမ်းမကမ်းက အညာမြို့တစ်မြို့ကိုရောက်တော့ အောင်သွယ်တော် အဒေါ်ကြီးတစ်ယောက်နဲ့ သိကျွမ်းခဲ့ရဖူးပါတယ်။ အဒေါ်ကြီးလို့ ဆိုလိုက် တော့ နည်းနည်းများကျေးလက် ဆန်သွားလေသလား မပြောတတ်ပါဘူး။ အန်တီ ဆိုရင် ကောင်းမယ် ထင်ပါရဲ့။ ဟုတ်တယ်၊ အန်တီပဲ ကောင်းပါ တယ်။ သူက ပညာတတ်အစိုးရဝန်ထမ်းဟောင်း၊ အပြောအဆို၊ အနေ အထိုင်၊ သန့်သန့်ခန့်ခန့် နဲ့ ဖော်ရွေ သွက်လက်တဲ့အပြင် ခရီးတွေသွား လူမျိုးစုံနဲ့ သိကျွမ်း ရင်းနှီးတာဆိုတော့ကာ သူ့ လူမှုဆက်ဆံရေး မိုးကုပ် စက်ဝိုင်းကြီးက ကျယ်လိုက်တာ။

မြို့မှာ အတူနေ မိတ်ဆွေအမျိုးသမီးက သမီးရှင်ဖြစ်ပြီး အဲဒီသမီး ကလေးက အရွယ်လည်း အတော်အသင့်ရောက်လာ၊ မသင့်မတင့်တာတွေ နဲ့လည်း တွေ့သွားမှာ ကြောက်ရနဲ့မို့ အောင်သွယ်တော် အန်တီ့ကို အကူ အညီတောင်းပါလေသတဲ့။ သင့်တင့်လျောက်ပတ်တဲ့ သူနဲ့တွေ့ရင် နေရာချ ပေးဦး ဘာညာစကားသင့်ရင် အကူအညီတောင်းတာပါ။

အဲသည်မှာ... အောင်သွယ်တော် အန်တီက ဆရာဝန်လို၊ စစ်ဗိုလ်လို၊ အင်ဂျင်နီယာလို၊ လူရည်လူချွန်တစ်ယောက်နဲ့ ဆက်စပ်ပေးပြီး အဆင်ပြေ

mgyoe.com

သွားတာနဲ့ ကျေးဇူးတင်ပြီး ငွေသိန်းဂဏန်း အောင်သွယ်တော် အန်တီကို ကန်တော့တာတဲ့။ သမီးရှင်က ဇာန်တော့တာ.. သုံးလေးငါးသိန်း ပမာဏ။ အဲသည့်လို တည်ဆောက်ခဲ့တဲ့ မင်္ဂလာမောင်နှံကလည်း အဆင်ပြေနေကြတာမို့ လက်ဆောင်နှင်းတဲ့ ငွေ ပမာဏနဲ့ မတန်အောင်ကိုပဲ ကျေးဇူးကြီးတဲ့ အန်တီပါ။

နောက်တော့ ဖူးစာရှင် အရွေးကောင်း အရှာကောင်းတဲ့ အန်တီ၊ တစ်ယောက်တည်းနဲ့ အောင်မြင်သော ကုမ္ပဏီဖြစ်သွားခဲ့ရပါပြီတဲ့။ လူတွေ ရှိနေသမျှ... စိုးရိမ်တတ်သော မိဘတွေ ရှိနေသမျှ... အန်တီ့ဆီကို ချဉ်းကပ်ကြလေသတဲ့။ အန်တီကတော့ ပစ္စည်းကောင်း ဘယ်မှာ ရှိတယ်ဆိုတာကို သတင်းထောက်လှမ်း၊ စုံစမ်း၊ အကဲခတ်၊ အကဲဖြတ် ဆွေးနွေးညှိနှိုင်း နားချ တိုက်တွန်းဆွဲဆောင်။

အန်တီ့လုပ်ငန်းက သန့်လိုက်တာလို့ ကျွန်တော်က နောက်တော့... ရယ်ပါတယ်။ ဟုတ်တယ်လေ ရေမိုးချိုး ဖြီးလိမ်း၊ ပြင်ဆင်၊ သာပွဲ နာပွဲ ဧည့်ခံပွဲ တက်၊ လူမှုရေး အသင်းအဖွဲ့တွေထဲ ပါဝင်၊ ခရီးထွက်... အင်း... တစ်နှစ်မှာ ဖူးစာရှင်ဆယ်ဦးလောက်များ... ရှာပေးနိုင်ရင် စီးပွားရေး ခိုင်ပြီပေါ့။ အခွန်လည်း မဆောင်ရ၊ မီတာခ လည်း မတက်။

## (နှစ်)

လူဟာ ကိုယ့်ဖူးစာရှင် ဘယ်သူလဲဆိုတာ ရွေးချယ်ဖို့ ခက်ပါတယ်။

ရောမ အလှနတ်သမီး ဗီးနပ်စ် (Venus) ရဲ့ သားတော်မောင် ကျူးပစ် (Cupid) ဂရိအချစ်နတ် Eros နဲ့ တူတယ်ဆိုတဲ့ ကျူးပစ် (Cupid), လက်တင်စကား ကျူးပိဒို (Cupido) ကနေ ဆင်းသက်လာတယ် ဆိုတဲ့ ကျူးပစ် (Cupid), မြားကလေးနဲ့ ပစ်ခတ်ကာ ထိမှန်သူတွေကို မေတ္တာ ဓာတ်ထုံကူးစေတယ်ဆိုတဲ့ ကျူးပစ် (Cupid) အဲသည့် မြှားနတ်မောင် ကျူးပစ် (Cupid) ကရော... တကယ် သေချာလို့လား။

လေး တင်နိုင်တဲ့ ရာမ မင်းသားဟာ ငါ့ဖူးစာရှင်ပဲလို့ ဆိုသူ သီတာဒေဝီရဲ့ ရွေးချယ်မှုက ဖူးစာရှင်ဟာ အားခွန်ဗလနဲ့ ဘုန်းတန်ခိုးပေါ်မှာ ရှိနေသလိုမျိုးပေါ့။ စာ အတော်ဆုံးသူကို မင်းသမီးလေးနဲ့ ပေးစားတဲ့ ဒီသာ

mgyoe.com

mgyoe.com

ပါမောက္ခဆရာကြီးရဲ့ သမီးအတွက်က ဖူးစာရှင်ဟာ ဉာဏ်ကောင်းသူ ဖြစ်မနေဘူးလား။ ပန်းကုံးကို မြှောက်လိုက်တဲ့အခါ အဲဒီပန်းကုံး သွားစွပ်မိတဲ့ သိကြားမင်းကို အသူရာနတ်ရဲ့ သမီးတော်က ရွေးရပြန်တော့ ဖူးစာရှင်ဆိုတာ မျောက်ပန်းလှန်သလို ကံဆိုးကံကောင်းကြီး။

မြို့ပြ လူ့အဖွဲ့အစည်းကြီးက ကြီးမားကျယ်ပြန့်လာ၊ သူ့ရာဇဝင် ကိုယ့်ရာဇဝင်.... အမှန်အမှား မကျိန်းသေသူတွေနဲ့ ထိတွေ့၊ ဖုက်ထား သိမ်းထား ဖုံးထား၊ ဖိထားတဲ့ ဘဝစာမျက်နှာတွေ ဘယ်နှမျက်နှာရှိသလဲ မသိကြရနဲ့... အဲသည့်ကြားထဲ... သူ့လူ ကိုယ့်လူ ရွေးရတဲ့ အလုပ်ဟာ အန္တရာယ်ကြီးလှပါတယ်။

အိန္ဒိယ မှာ ကိုးလ်ကတ္တားမြို့ထုတ် အမရိတ ဘဇာပက်ထရိကဆိုတဲ့ သတင်းစာ ရှိပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ပါ။ တနင်္ဂနွေ အထူးထုတ်ဆိုရင် ပါလာပြီပေါ့။ လင်လိုချင်သည်၊ မယားလိုချင်သည်၊ သမက်လိုချင်သည်၊ ချွေးမ လိုချင်သည်... ဆိုတဲ့ ကြော်ငြာတွေ။ အဲသည်လို ရှာတဲ့ ဖူးစာရှင်ဟာ သေချာပါ့မလား။

၁၈၆၀ က စပြီး နှစ်ပေါင်း ၁၀၀ နီးပါး ထုတ်သွားခဲ့တဲ့ လန်ဒန်က The Matrimomial Post အောင်သွယ် သတင်းစာထဲက သတို့သမီး သတို့သား အလိုရှိကြောင်း ကြော်ငြာမျိုးထဲမှာရော ဖူးစာရှင် အစစ်က ရှိနိုင်ပါ့မလား။

လမ်းဆုံလမ်းခွတွေမှာ ကိုယ်ရဲ့ ကိုယ်ရေး အပြည့်အစုံ တင်ပြီး ချစ်သူအလိုရှိကြောင်း ဆိုင်းဘုတ်တင်ထားတဲ့ တရုတ်ပြည်က ကြော်ငြာတွေကရော ဖူးစာရှင်အမှန်ကို ရနိုင်ပါစေ။

အမေရိကန်အများစုကတော့ ကိုယ်နဲ့ အလုပ်အတူတူ လုပ်သူတွေနဲ့သာ လက်ဆက်မှု ရာခိုင်နှုန်းများတယ် ဆိုတာမို့ ဖူးစာရှင် ဆိုတာ နယ်မြေအကန့်အသတ်ထဲမှာသာ ရှိနေမယ့် သဘောမျိုးပေါ့။

အခု ရန်ကုန်မှာ One Section ကို ငွေ ငါးထောင်၊ တစ်သောင်း ပေးပြီး လူငယ်နှစ်ဦးတွေ့ပေးတဲ့ အခန်းတွေ ရှိလေသတဲ့။ Night Club အချို့ကတော့ သောက်စား ကခုန်မိတ်ဆက်ပြီးတဲ့အခါ တစ်နေရာရာကို ကားနဲ့ ထွက်သွားနိုင်အောင် အကျိုးဆောင်တဲ့ လုပ်ငန်းကို တွဲလုပ်ပေးနေ
mgyoe.com

mgyoe.com


လေသတဲ့။ ဖူးစာရှင် ဟုတ်၊ မဟုတ် ရွေးနိုင်ဖို့တဲ့။ တွေ့ပါ့မလား။ သေချာပါ့မလား။ အန္တရာယ် ကင်းနိုင်ပါ့မလား။

ပညာနဲ့ မာနကြောင့် မာနကြီးသူ ခပ်လှလှ အပျိုဟိုင်းကြီး တစ်ယောက်ကတော့ ငွေတို့၊ ကြေးတို့၊ ရာထူးတို့က အရေးမကြီးပါဘူး ဆရာရယ်တဲ့...၊ ကိုယ့်ကို ကြင်ကြင်နာနာ ရှိဖို့ လိုတာပါတဲ့။ အော်... လျှော့သွားလိုက်တာ။

အင်းလေ... ရွေးရခက်လွန်းတဲ့ လောကကြီးထဲမှာ အညာက အောင်သွယ်တော် အန်တီကြီးလိုမျိုးနဲ့ ဆက်သွယ်ကြည့်တာကမှ ကောင်းလေမလား... မပြောတတ်ပါဘူး။

**July 2015**

❑

mgyoe.com